

# အားလုံးပါဝင်မှုရှိသော ကျားမရေးရာမူဘောင်နှင့် သဘောတရား

သဘောတရားများကို လက်တွေ့လုပ်ဆောင်မှုဆီသို့
ပြောင်းလဲခြင်းဆိုင်ရာလမ်းညွှန်



United States Institute of Peace
Making Peace Possible

**ဤလမ်းညွှန်ကို KATHLEEN KUEHNAST နှင့် DANIELLE ROBERTSON တို့က ရေးသားထားပါသည်။**

ဤစာအုပ်ဖြစ်မြောက်ရေးအတွက် အမေရိကန်ငြိမ်းချမ်းရေးအင်စတီကျု (USIP) မှ လုပ်ဖော် ကိုင်ဖက်များဖြစ်ကြသော David Connolly၊ Joseph Hewitt၊ Illana Lancaster၊ Alison Milofsky၊ Steve Steiner၊ Rosarie Tucci နှင့် Michael Zanchelli တို့၏ အကြံပြုချက်ကောင်းများစွာကို ရရှိခဲ့ပါသည်။ ထို့အပြင် စာအုပ်ရေးသား နေစဉ်ကာလတစ်လျှောက် ရရှိခဲ့သည့် လမ်းညွှန်ချက်များ အတွက်လည်း Sanam Anderlini (International Civil Society Action Network)၊ Gary Barker (Promundo-US) နှင့် Pamina Firchow (George Mason University) တို့ကို အထူးကျေးဇူးတင်ရှိပါသည်။ အနုပညာမြောက်လက်ရာများဖြင့် မွမ်းမံပေးသော Luba Lukova နှင့် ဒီဇိုင်းပြုလုပ်ပေးသည့် Chris Brown တို့ကိုလည်း ကျေးဇူးဥပကာရတင်ရှိပါသည်။

ဤလမ်းညွှန်စာအုပ်တွင် ဖော်ပြထားသောအချက်အလက်များမှာ စာရေးသူများ၏ အာဘော်သာဖြစ်ပါသည်။ အမေရိကန်ငြိမ်းချမ်းရေးအင်စတီကျု၏အမြင်များ ဖြစ်သည်ဟု မှတ်ယူခြင်းမပြုနိုင်ပါ။ ကျွန်ုပ်တို့၏ဝက်ဘ်ဆိုဒ် (www.usip.org) တွင် ဤလမ်းညွှန်စာအုပ် အွန်လိုင်းဗားရှင်းကို အခြားသက်ဆိုင်သည့်အစီရင်ခံစာများ၊ ဤအကြောင်းအရာနှင့်ဆက်စပ်သော အခြားအချက်အလက်များနှင့်အတူ ဖတ်ရှုနိုင်ပါသည်။

© 2018 by the United States Institute of Peace

**UNITED STATES INSTITUTE OF PEACE**
2301 Constitution Avenue NW
Washington, DC 20037

Phone: 202.457.1700
Fax: 202.429.6063
E-mail: usip_requests@usip.org
Web: www.usip.org

ISBN: 978-1-60127-732-9

United States Institute of Peace
Making Peace Possible

# အားလုံးပါဝင်မှုရှိသော ကျားမရေးရာ မှုဘောင်နှင့် သဘောတရား

## သဘောတရားများကို လက်တွေ့လုပ်ဆောင်မှုဆီသို့ ပြောင်းလဲခြင်းဆိုင်ရာလမ်းညွှန်


| | |
|---|---|
| မိတ်ဆက် - ကျားမရေးရာပါဝင်မှုရှိသော စီမံကိန်းများ ပုံဖော်ရေးဆွဲခြင်း | 2 |
| အကြမ်းဖက်မှုပဋိပက္ခများက ကျားမရေးရာစံချိန်စံညွှန်းများကို မည်သို့ ပြောင်းလဲစေသနည်း။ | 4 |
| စီမံကိန်းများတွင် ကျားမရေးရာအခြေပြုတွန်းအားများကို မျက်ကွယ်ပြုသည့်အခါ မည်သည့် အရာများ ဖြစ်ပေါ်လာသနည်း။ | 7 |
| ကျားမရေးရာလေ့လာဆန်းစစ်မှုဆိုင်ရာ ချဉ်းကပ်နည်း သုံးသွယ် | 9 |
| အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ နည်းလမ်း | 10 |
| ငြိမ်းချမ်းသည့် ဖိုဆန်သောဝိသေသများဆိုင်ရာ နည်းလမ်း | 12 |
| ဝိသေသလက္ခဏာများကို ပိုင်းခြားသတ်မှတ်ခြင်းဆိုင်ရာ နည်းလမ်း | 14 |
| ကျားမအခြေပြုလေ့လာဆန်းစစ်မှုဖြင့် ဆက်လက်ဆောင်ရွက်ခြင်း | 16 |

# မိတ်ဆက် – ကျားမရေးရာပါဝင်မှုရှိသော စီမံကိန်းများ ပုံဖော်ရေးဆွဲခြင်း

အကြမ်းဖက်မှု ပဋိပက္ခများက လူအဖွဲ့အစည်းများကို ကမောက်ကမဖြစ်စေပြီး စိတ်ဝမ်းကွဲစေသည်။ လူမှုရေးရာတည်ဆောက်ပုံများကို အနှောက်အယှက်ဖြစ်စေပြီး အထူးသဖြင့် အမျိုးသား၊ အမျိုးသမီးတို့၏ အခန်းကဏ္ဍများနှင့် ၎င်းတို့အကြားဆက်နွယ်မှုများကို ပျက်ပြားစေသည်။ ထိခိုက်လွယ်ပြီး ပဋိပက္ခဒဏ်ခံစားနေရသော ပတ်ဝန်းကျင်များတွင် ငြိမ်းချမ်းရေး တည်ဆောက်သူပညာရှင်များသည် အကြမ်းဖက်မှုများဖြစ်ပွားနေသော၊ အစိတ်စိတ် အမွှာမွှာပြိုကွဲနေသော လူမှုအသိုင်းအဝိုင်းများဖြစ်စေသည့် အကြောင်းတရားများနှင့် အကျိုးဆက်များကို ဖြေရှင်းရပါသည်။ လူငယ်အမျိုးသားများအား စစ်ပုံစံသွတ်သွင်းမှုမြင့်တက် လာခြင်းသည် အကြောင်းအရင်းတစ်ရပ်ဖြစ်ပြီး ပိုမိုများပြားလာသော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများက လူမှုအသိုင်းအဝိုင်းအားလုံးကို ထိခိုက်စေကာ အကြမ်းဖက်မှုများ ဖြေရှင်းပြီးနောက်ပိုင်းတွင်လည်း အကျိုးဆက်များ ဆက်လက်တည်ရှိနေဆဲဖြစ်သည်။ သို့သော်လည်း ပဋိပက္ခမဖြစ်စေရန် ကာကွယ်ခြင်းနှင့် လျော့ချခြင်းလုပ်ငန်းများအတွက် စီမံကိန်းများရေးဆွဲရာတွင် ကျားမရေးရာ ဆန်းစစ်လေ့လာမှု ထည့်သွင်းစဉ်းစားဆောင်ရွက်ခြင်း နည်းပါးလျက် ရှိနေသေးပါသည်။ အကြမ်းဖက်မှုပဋိပက္ခများကို ကာကွယ်ရန်နှင့် ငြိမ်းချမ်းရေးကို ထိန်းသိမ်းရန် အကောင်းဆုံး ချဉ်းကပ်နည်းလမ်းများ ဖော်ဆောင်ရာ၌ အားလုံးပါဝင်မှုရှိသော ကျားမရေးရာ စီမံကိန်းရေးဆွဲခြင်းသည် အလွန်အရေးပါပြီး ယင်းကို ဒုတိယနေရာတွင်ထား၍ စဉ်းစားခြင်း၊ နောင်မှ အလျဉ်းသင့်သလို စဉ်းစားခြင်းတို့ မပြုသင့်ပါ။[၁] ကျားမရေးရာအရ အားလုံးပါဝင်မှု ရှိသော မူဘောင်နှင့် သဘောတရားသည် ရိုးရှင်းသော်လည်း စီမံကိန်းရေးဆွဲရာတွင် ကျားမရေးရာ ဆန်းစစ်လေ့လာမှုကို စတင်ထည့်သွင်းဆောင်ရွက်ရန် စေ့စပ်ပြည့်စုံသော ချဉ်းကပ်မှုနည်းလမ်းတစ်ခုဖြစ်ပါသည်။

ဤနည်းလမ်းသည် စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်းနည်းလမ်းများနှင့် အတူယှဉ်တွဲလျက်ရှိပြီး စီမံကိန်းများတွင် ကျားမရေးရာဆန်းစစ်လေ့လာမှုကို ထည့်သွင်းရေးဆွဲရပါမည်။ စီမံကိန်းပုံစံရေးဆွဲစဉ်ကာလအတွင်း ကျားမရေးရာ ဆန်းစစ်လေ့လာမှု ဆောင်ရွက်ခြင်းသည် ပဋိပက္ခကြောင့် ကျားမရေးရာ နောက်ဆက်တွဲ အကျိုးဆက်များကို စီမံကိန်းမန်နေဂျာများက ဖြေရှင်းရာတွင် ပိုမိုအထောက်အပံ့ ဖြစ်စေသည်။ လူမှုပတ်ဝန်းကျင် အခြေပြုတွန်းအားများနှင့် လိုက်လျောညီထွေရှိပြီး သဟဇာတဖြစ်သဖြင့် ယင်းသို့လုပ်ဆောင်ခြင်းက စီမံကိန်းများအကောင်အထည်ဖော်နေစဉ်ကာလအတွင်း လူမှုပတ်ဝန်းကျင်ဆိုင်ရာနှင့် အဖွဲ့အစည်းဆိုင်ရာ မမျှော်လင့်သော အပြောင်းအလဲများကို ပိုမိုခံနိုင်ရည်ရှိစေသည်။

## ဤလမ်းညွှန်သည်-

- ကျားမရေးရာကို အဓိပ္ပါယ် ဖွင့်ဆိုသတ်မှတ်ထားသည်။
- ကျားမရေးရာနှင့် ပဋိပက္ခအခြေပြုတွန်းအားများအကြား ဆက်နွယ်မှုနှင့် ငြိမ်းချမ်းရေးတည်ဆောက်မှုတွင် ယင်း၏အရေးပါမှုကို သတ်မှတ်ဖော်ပြထားသည်။
- ပြောင်းလဲမှုဆိုင်ရာသဘောတရားနှင့် ကျားမရေးရာဆိုင်ရာအားလုံး ပါဝင်မှု ရှိရေးမူဘောင်ဆန်းစစ်လေ့လာမှုတို့ကို လေ့လာသုံးသပ်ထားပြီး
- စီမံကိန်းပုံစံရေးဆွဲရာတွင် ကျားမရေးရာ ထည့်သွင်းဆောင်ရွက် မှုဆိုင်ရာ လမ်းညွှန်ချက်များကို ပံ့ပိုးပေးထားသည်။



# ယခုလမ်းညွှန်မှာ မည်သူများနှင့် သက်ဆိုင်ပါသနည်း။

ဤကိုးကားစာတမ်းငယ်သည် မိမိတို့၏လုပ်ငန်းတွင် ကျားမရေးရာ ဆန်းစစ် လေ့လာမှု ထည့်သွင်းဆောင်ရွက်နေကြသော စီမံကိန်းမန်နေဂျာများ အတွက်ဖြစ်ပြီး ကျား/မရေးရာကိစ္စရပ်တွင် ကျွမ်းကျင်ပညာရှင်များ သို့မဟုတ် ပညာရှင်မဟုတ်သူများလည်း ပါဝင်သည်။ ဤလမ်းညွှန်ချက်တွင် စီမံကိန်းမန်နေဂျာ များအတွက် လုပ်ငန်းစဉ်စတင်ရာတွင် အသုံးဝင်မည့် လွယ်ကူရှင်းလင်းသော မေးခွန်းများ ပါဝင်သည်။ ကျားမရေးရာ ဆန်းစစ်လေ့လာမှုပြုခြင်းဖြင့် မည်သည့်စီမံကိန်းဒီဇိုင်းကိုမဆို ပိုမိုကောင်းမွန်စေသည်။ ကျားမရေးရာ အခြေပြုတွန်းအားများ ပိုမိုကောင်းမွန်စေရန် အလေးထား ဆောင်ရွက်သော စီမံကိန်းများမှသည် အုပ်ချုပ်မှုပုံစံများ အသွင်ပြောင်းလဲရန် အလေးထား ဆောင်ရွက်သော စီမံကိန်းများအထိ ပါဝင်ပြီး လူမှုအသိုင်းအဝိုင်းဆိုင်ရာ မညီမျှမှုများနှင့် ဖွဲ့စည်းမှုဆိုင်ရာ အသွင်ပြောင်းလဲရေး အခွင့်အလမ်းများကို အတိအကျဖော်ထုတ်ပေးသည်။ ဤလမ်းညွှန်သည် (၁) စီမံကိန်းပုံစံရေးဆွဲနေဆဲ အဆင့်တွင် ကျားမရေးရာနှင့်စပ်လျဉ်းသော ထင်မြင်ယူဆချက်များကို ဆန်းစစ် လေ့လာရာတွင်လည်းကောင်း (၂) အကောင်အထည်ဖော် ဆောင်ရွက်စဉ်တွင် ထောက်ပံ့ရေးကိစ္စများကို မေးခွန်းထုတ်ရာတွင်လည်းကောင်း (၃) အကဲဖြတ် လေ့လာသုံးသပ်ချိန်တွင် တုံ့ပြန်ချက်မျိုးစုံကို စုစည်းရရှိစေရာတွင်လည်းကောင်း အကူအညီဖြစ်စေပါသည်။ ယခုလမ်းညွှန်ကို ငြိမ်းချမ်းရေးတည်ဆောက်ခြင်း လုပ်ငန်းအတွက် ရေးဆွဲထားသော်လည်း ဤလမ်းညွှန်ပါအယူအဆများမှာ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ လုပ်ငန်းနယ်ပယ်နှင့် ထိရှလွယ်သော ပတ်ဝန်းကျင် အခြေအနေများရှိ အခြားသော စီမံကိန်းများအတွက်လည်း များစွာသင့်လျော်ပါသည်။

# အကြမ်းဖက်မှုပဋိပက္ခများက ကျားမရေးရာ စံချိန်စံညွှန်းများကို မည်သို့ ပြောင်းလဲ စေသနည်း။

ပဋိပက္ခဆိုသည်မှာ လူမှုအသိုင်းအဝိုင်း၏ ပုံမှန်လက္ခဏာသွင်ပြင်တစ်ရပ် ဖြစ်သည်။ သို့ရာတွင် ပဋိပက္ခများကြမ်းတမ်းလာသောအခါ လူမှုပတ်ဝန်းကျင် တစ်ခု သို့မဟုတ် နိုင်ငံတစ်နိုင်ငံကို ပြောင်းလဲသွားစေနိုင်သည်။ ယင်းသို့ ဖြစ်လာသော အခါ အကြမ်းဖက်မှုသည် စံချိန်စံညွှန်းများ၊ အမူအကျင့်များ၊ လူမှုအသိုင်းအဝိုင်းရှိ ပုဂ္ဂိုလ်များ၏ မျှော်လင့်ချက်များကို လျှင်မြန်စွာပြောင်းလဲစေပြီး ပဋိပက္ခဖြစ်ပွားစဉ်နှင့် ပဋိပက္ခဖြစ်ပွားပြီးနောက်ပိုင်း အမျိုးသားများနှင့် အမျိုးသမီးများ၏ အခန်းကဏ္ဍကိုလည်း ပြောင်းလဲစေကြောင်း မကြာခဏတွေ့ရှိရသည်။ အကြမ်းဖက်ပဋိပက္ခများသည် လူမှုအသိုင်းအဝိုင်းတွင် ရံဖန်ရံခါ အမျိုးသမီးများအတွက် နေရာအသစ်များကို ဖော်ဆောင်ပေးနိုင်သည်။[၂] အမျိုးသားများ အလုပ်ရပ်ဆိုင်းသောအခါ သို့မဟုတ် ဒဏ်ရာရသောအခါ သို့မဟုတ် အသက်ဆုံးရှုံးသွားသောအခြေအနေတွင် အမျိုးသမီးများအနေဖြင့် လူများအကြား ပိုမိုဝင်ရောက်လာရပြီး နိုင်ငံရေးရာနှင့်စီးပွားရေး အခန်းကဏ္ဍများတွင် ပါဝင်လာရသည်။ သို့သော်လည်း အကြမ်းဖက်မှုများက အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏ အခန်းကဏ္ဍနှင့် မျှော်လင့်ချက်များကိုလည်း အကန့်အသတ် ဖြစ်စေနိုင်သည်။ ယင်းကဲ့သို့ ပုံမှန်ဖြစ်သွားပါက ၎င်းတို့အပေါ် အခြားသူများက ပိုမိုလွှမ်းမိုးချုပ်ကိုင်နိုင်ရန် နည်းလမ်းကို ဖော်ဆောင်ပေးရာ ရောက်သွားပါမည်။ ဥပမာအားဖြင့် ISIS ကဲ့သို့သော အကြမ်းဖက်အစွန်းရောက် အဖွဲ့အစည်းများသည် အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏ လှုပ်ရှားမှုများကို ကန့်သတ်ရန် ကျားမရေးရာဆိုင်ရာ ကျင့်ဝတ်စည်းကမ်းများကို ချမှတ်ကျင့်သုံးခဲ့ကြပြီး စည်းကမ်းချိုးဖောက်မှုများအတွက် ပြင်းထန်သော အပြစ်ပေးမှုများကိုလည်း ပြုလုပ်ခဲ့ကြသည်။

အမျိုးသား၊ အမျိုးသမီး၊ မိန်းကလေးငယ်များနှင့် ယောကျာ်းလေးများသည် ပဋိပက္ခနှင့် အကြမ်းဖက်မှုများကို မျက်မြင်တွေ့ကြုံသူများ အဖြစ်လည်းကောင်း၊ ခံစားရသူများ အဖြစ်လည်းကောင်း၊ အကြမ်းဖက်မှုကျူးလွန်သူများ အဖြစ်လည်းကောင်း ပုံစံအမျိုးမျိုးဖြင့် တွေ့ကြုံကြသည်။ အကြမ်းဖက်မှုက လူမှုအသိုင်းအဝိုင်းကို ပြောင်းလဲစေသောအခါတွင် အမျိုးသားနှင့် အမျိုးသမီးများ မည်သို့ပြုမူသင့်သည်ဟူသော လက်ခံယုံကြည်မှုများကိုလည်း ပြောင်းလဲစေသည်။ အမျိုးသမီးများ၊ အမျိုးသားများ၊ မိန်းကလေးငယ်များနှင့် ယောကျာ်းလေးများ၏ ယုံကြည်မှုများ၊ စံချိန်စံညွှန်းများ၊ မျှော်လင့်ချက်များ၊ လိင်ပိုင်းဆိုင်ရာနှင့် ကျားမရေးရာအခြေပြု လူနည်းစုများသည် "ကျားမရေးရာတွေးခေါ်မှု ပုံစံတစ်ခု" ဖြစ်သည်။[၃]

## ကျားမရေးရာနှင့် ကျားမရေးရာတွေးခေါ်မှုပုံစံများကို အဓိပ္ပါယ်သတ်မှတ်ခြင်း

လူမှုအသိုင်းအဝိုင်းတွင် အားကောင်းသော ဖွဲ့စည်းမှုဆိုင်ရာ အခြေခံ သဘောတရားအဖြစ် ကျားမရေးရာကို ဖော်ပြသည်။ ယင်းမှာ လူတစ်ဦးချင်းစီ၏ ဇီဝဗေဒဆိုင်ရာ လိင် (ကျား ဖြစ်မှု/မ ဖြစ်မှု) ထက်ပိုပါသည်။ ကျားမရေးရာသည် အဖွဲ့အစည်းအဆင့်၊ လူမှုပတ်ဝန်းကျင်အဆင့်၊ တစ်ဦးချင်းအဆင့်များတွင် လုပ်ဆောင်သည့် အရာအားလုံးတွင်ပါရှိသည့် သင်ယူနိုင်သော အမူအကျင့်ပုံစံတစ်ခုဖြစ်သည်။ ကျားမရေးရာတွေးခေါ်မှုပုံစံဟူသည်မှာ အမျိုးသမီးများ၊ အမျိုးသားများ၊ မိန်းကလေးငယ်များ၊ ယောကျာ်းလေးများ၊ လိင်ပိုင်းဆိုင်ရာနှင့် ကျားမရေးရာအခြေပြုလူနည်းစုများစသည့် လူတစ်ဦးချင်းစီအတွက် တန်ဖိုးအထားဆုံးနှင့် အသင့်လျော်ဆုံးဟု လူမှုပတ်ဝန်းကျင်က သတ်မှတ်သည့် မျှော်လင့်ချက်များနှင့် အခန်းကဏ္ဍများကို ဖော်ဆောင်ရာတွင် လက်ခံကျင့်သုံးမှု၊ ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေဖြစ်မှု ဖြစ်သည်။ လူမှုအသိုင်းအဝိုင်းတန်ဖိုးများ၊ စံချိန်စံညွှန်းများနှင့် မျှော်လင့်ချက်များအပေါ် အခြေခံပြီး လူမှုအသိုင်းအဝိုင်းဆိုင်ရာ ပြောင်းလဲစဉ်အတွင်း လူပုဂ္ဂိုလ်တစ်ဦး၏ ကျားမရေးရာ တွေးခေါ်မှုပုံစံလည်း ပြောင်းလဲနိုင်သည်။



မည်သည့်စီမံကိန်းမဆို ကနဦးအစီအစဉ်ရေးဆွဲစဉ် ကာလအတွင်းတွင် ပဋိပက္ခ ဖြစ်ပွားစေသော အကြောင်းအရင်းများ၊ တင်းမာမှုအရင်းအမြစ်များနှင့် ကြားဝင်စွက်ဖက်မှုများဆိုင်ရာ အခြားသောနယ်ပယ်များကို ကျားမရေးရာ ဆန်းစစ် လေ့လာမှုက ဖော်ပြနိုင်သည်။ မည်သို့ပင် ပန်းတိုင်များနှင့် ရည်မှန်းချက်များ ရှိစေကာမူ ကျားမရေးရာဆန်းစစ်လေ့လာမှုသည် ပိုမိုကျယ်ပြန့်သော စီမံကိန်းအကြောင်းအရာများကို ဖော်ဆောင်ပေးသည်။ ကျားမရေးရာဆန်းစစ်လေ့လာမှုသည် အနည်းဆုံးအဆင့် "မည်သူကိုမျှ ထိခိုက်နစ်နာမှုမရှိစေရ" ဟူသော နည်းလမ်းကို သေချာစေခြင်းဖြစ်သည်။

ကျားမရေးရာမညီမျှမှုနှင့် အင်အားမမျှတမှုတို့သည် အကြမ်းဖက်မှု ပဋိပက္ခများ၊ အမျိုးသမီးများပေါ် အကြမ်းဖက်မှု၊ ကျန်းမာရေးနိမ့်ကျမှု၊ အစားအစာမလုံလောက်မှုနှင့် ဆင်းရဲမွဲတေမှု ကြာရှည်ခြင်းတို့ကို ဖြစ်ပေါ်စေသည့် အဓိကအချက်များဖြစ်နိုင်သည်။[၅]

ငြိမ်းချမ်းရေးတည်ဆောက်မှုနည်းလမ်းများတွင် ကျားမရေးရာကို ထည့်သွင်းဆောင်ရွက်သောအခါ ကျားမအခြေပြု အကြမ်းဖက် မှုများကို လျော့ချပေးနိုင်ပြီး ကျားမရေးရာတန်းတူညီမျှရှိမှု၊ ပဋိပက္ခများကို ထိန်းသိမ်းမှုတို့ကို ဖြစ်ပေါ်စေကာ ရေရှည်တည်တံ့သော ငြိမ်းချမ်းမှုကို ဖော်ဆောင်ပေးသည်။ ဥပမာအားဖြင့် ဖော်ပြပါလူမှုအသိုင်းအဝိုင်းတစ်ရပ်တွင် လုံခြုံရေးကဏ္ဍအားကောင်း ခိုင်မာစေရန် စီမံကိန်းတစ်ခုကို ဆောင်ရွက်မည်ဆိုပါက ရဲတပ်ဖွဲ့ သို့မဟုတ် လုံခြုံရေးတပ်ဖွဲ့နှင့် အမျိုးသမီး၊ အမျိုးသား၊ မိန်းကလေးငယ်များနှင့် ယောကျာ်းလေးများကြားရှိ မတူကွဲပြားသော ဆက်ဆံရေးများကို နားလည်သဘောပေါက်၍ စီမံကိန်းကို ပုံဖော်ရေးဆွဲသင့်သည်။ ကောင်းမွန်သောစီမံကိန်း တွေးခေါ်မှုပုံစံသည် ကျားမရေးရာအခြေပြု တွန်းအားများနှင့် လိုက်လျောညီထွေ ဖြစ်သင့်သည်။

# သဘောတရားမှ လက်တွေ့လုပ်ဆောင်မှုသို့ ဆိုသည်မှာအဘယ်နည်း။

အပိုင်းတစ်ခုစီတွင် လမ်းညွှန်မေးခွန်းများပါရှိသကဲ့သို့ "သဘောတရားမှ လက်တွေ့လုပ်ဆောင်မှု" ကဲ့သို့ အပိုင်းလည်းပါဝင်သည်။ အဆိုပါအပိုင်းများကို ဥပမာအားဖြင့် နိုင်ဂျီးရီးယားနိုင်ငံတွင် အုပ်ချုပ်မှုရေးရာစီမံကိန်းတစ်ခု၌ အားလုံးပါဝင်မှုရှိသော ကျားမရေးရာ ဆန်းစစ်လေ့လာမှုကို ဖော်ဆောင်သောအခါ အသုံးပြုမေးမြန်းသည့် မေးခွန်းပုံစံများကို လေ့လာခြင်းဖြင့် သဘောတရားများအား လက်တွေ့လုပ်ဆောင်မှုများ အဖြစ် ဆောင်ရွက်ရန်အတွက်ရည်ရွယ်သည်။ ဤအပိုင်းများတွင် အကြောင်းအရာ အကျဉ်းချုပ် ဖော်ပြထားကာ ကျားမရေးရာအခြေပြုတွန်းအားများကို ထည့်သွင်းစဉ်းစားပြီး စီမံကိန်းပုံစံရေးဆွဲရာတွင် ပေါင်းစပ်ထည့်သွင်းရမည့် နည်းလမ်းများ ကိုလည်း အကြံပြုထားသည်။

## လမ်းညွှန်မေးခွန်းများ

- ပဋိပက္ခများကိုတုန့်ပြန်ရာတွင် အမျိုးသမီးနှင့်အမျိုးသား၊ လူငယ်နှင့်လူကြီးတို့၏ အခန်းကဏ္ဍနှင့် အမူအကျင့်များ မည်ကဲ့သို့ ပြောင်းလဲပါသနည်း။
- မည်သည့်အကြမ်းဖက်မှုပုံစံများ ဖြစ်ပေါ်လျက်ရှိသနည်း။ ယင်းတို့က အမျိုးသမီးများနှင့် အမျိုးသားများအပေါ် မတူကွဲပြားစွာ (သို့မဟုတ်) တူညီစွာ အကျိုးသက်ရောက်ပါသလား။
- အသက်မွေးဝမ်းကျောင်းမှုနှင့် ပညာရေးလက်လှမ်းမီမှု၊ အလုပ်အကိုင် အခွင့်အလမ်း၊ လစာများ မြင့်တက်လာခဲ့ပါသလား။ မြင့်တက်ခဲ့ပါက အမျိုးသားများနှင့် အမျိုးသမီးများအပေါ် မည်သည့် အကျိုးသက်ရောက်မှုများ ရှိသနည်း။
- မည်သည့် စိတ်မလုံခြုံမှုမျိုး ရှိနေသနည်း။ ယင်းကဲ့သို့သော စိတ်မလုံခြုံမှုမျိုးက မိသားစု၊ လူမှုအသိုင်းအဝိုင်းနှင့်နိုင်ငံအပေါ် မည်သို့ အကျိုးသက်ရောက်ပါသနည်း။
- အကြမ်းဖက်မှု၏ရလဒ်တစ်ခုအနေဖြင့် အမျိုးသားများနှင့် အမျိုးသမီးများသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအဆင့်မြင့်တင်မှုဆိုင်ရာ အခွင့်အလမ်းများကို လက်လှမ်းမီရောက်ရှိနိုင်မှုတွင် တူညီခြင်းရှိ/ မရှိ။ တူညီခြင်းမရှိပါက အမျိုးသားများ နှင့် အမျိုးသမီးများအကြား၊ မိန်းကလေးများနှင့် ယောကျာ်းလေးများအကြား မည်သည့်မတူညီသည့်ကိစ္စရပ်များ ရှိနေပါသနည်း။
- ဦးတည်အုပ်စု သို့မဟုတ် ဦးတည်လူမှုအသိုင်းအဝိုင်း၏ ကျားမရေးရာ တွေးခေါ်မှု ပုံစံကို မည်သို့ ပုံဖော်မည်နည်း။

## သဘောတရားမှ လက်တွေ့လုပ်ဆောင်မှုသို့ - အာဖဂန်နစ္စတန်နိုင်ငံ

အာဖဂန်နစ္စတန်နိုင်ငံ၏ သမိုင်းတစ်လျှောက်တွင် စီးပွားရေးကျပ်တည်းမှု၊ အထိအခိုက်မခံသော လုံခြုံရေးအခြေအနေများနှင့် ကပ်သင့်နေခဲ့သည်။ ပုံမှန်တရားစီရင်ရေးစနစ် အားကောင်း ခိုင်မာစေရန်ဆောင်ရွက်ရာ၌ တိုးတက်မှုများရှိသော်လည်း အငြင်းပွားမှုများ၏ ၈၀ ရာခိုင်နှုန်းကို ပုံမှန်မဟုတ်သည့် နည်းလမ်းများဖြင့် ဖြေရှင်းသည်။ အာဖဂန်နစ္စတန် နိုင်ငံ၏ တရားဥပဒေစိုးမိုးရေး အားကောင်းစေရန် ဆောင်ရွက်သည့် စီမံကိန်းဖော်ဆောင်နေချိန်တွင် လူမှုပတ်ဝန်းကျင်အခြေပြု အငြင်းပွားမှုဖြေရှင်းမှုနည်းလမ်းများတွင် အမျိုးသားများနှင့် အမျိုးသမီးများ၏ လက်လှမ်းမီရောက်ရှိနိုင်မှုနှင့် အဆင့်အတန်းများ ကွဲပြားနေမှုများကို နားလည်ရန်မှာ အလွန်အရေးကြီးပါသည်။ ဥပမာအားဖြင့် ဤစနစ်များတွင် မည်သူတို့က ဆုံးဖြတ် ချက်ချသူများဖြစ်ပါသနည်း။ ဤလုပ်ငန်းစဉ်များကို အသိပေးရန် စည်းရုံးဆော်ဩသူများ၊ အကြီးအကဲများ၊ တရားသူကြီးများအဖြစ် အမျိုးသမီးများ ပါဝင်မှု ရှိပါသလား။ လက်ရှိနှင့် သမိုင်းကြောင်းအခြေအနေနှစ်ရပ်လုံးတွင် တရားမျှတမှု ရရှိခြင်းနှင့် တရားမျှတမှုကိုဖော်ဆောင်ခြင်းတွင် အမျိုးသမီးနှင့် အမျိုးသားများ လက်လှမ်းမီနိုင်မှုဆိုင်ရာ မေးခွန်းများအား ကြိုးစားရှာဖွေခြင်းဖြင့် အမျိုးသမီးများနှင့် မိန်းကလေးများ အတွက် လိုအပ်ချက်များကို ဖြေရှင်းပေးနိုင်မည့် နည်းလမ်းအသစ် တစ်ခုကို ဖော်ဆောင်ပေးနိုင်မည်ဖြစ်သည်။ အခြားသော လုပ်ဆောင်မှုများတွင် အမျိုးသမီးများနှင့် မိန်းကလေး များအနေဖြင့် တရားမျှတမှုကို လက်လှမ်းမီ ရောက်ရှိနိုင်မှုအရေးကြီးပုံ၊ အငြင်းပွားမှုများအား ဖြေရှင်းခြင်းနှင့်တရားစီရင်ရေးဆိုင် ရာစနစ်များတွင် ၎င်းတို့၏ပါဝင်ဆောင်ရွက်မှုများ အရေးကြီးပုံကို အမျိုးသားများ သိရှိစေရန် အသိပညာပေးခြင်းလည်း ပါဝင်သည်။

# စီမံကိန်းများတွင် ကျားမရေးရာအခြေပြုတွန်းအားများကို မျက်ကွယ်ပြုသည့်အခါ မည်သည့် အရာများ ဖြစ်ပေါ်လာသနည်း။

ပဋိပက္ခ၊ အာဏာနှင့် ကျား/မရေးရာများ အကြားရှိ ဆက်နွယ်မှုကို လေ့လာသုံးသပ်ခြင်းက ငြိမ်းချမ်းရေးတည်ဆောက်ရာ၌ တင်းမာမှုများနှင့် အခွင့်အလမ်းများ ဖြစ်ပေါ်နိုင်မည့် ရင်းမြစ်များအား ပိုမိုသိရှိနိုင်စေပြီး သို့မဟုတ်ပါက ယင်းတို့ကို သိရှိနိုင်မည်မဟုတ်ပေ။ ပဋိပက္ခများ သို့မဟုတ် စစ်ပွဲများသည် မညီမျှမှုများကို ပိုမိုဖြစ်ပွားစေပြီး အမျိုးသမီးများနှင့် မိန်းကလေးများ၏ လှုပ်ရှားသွားလာနိုင်မှုများကို အကန့်အသတ်ဖြစ်စေကာ ၎င်းတို့အား လိင်မှုနှင့် ကျားမအခြေပြု အကြမ်းဖက်မှုများ ခံရစေနိုင်သည့် အန္တရာယ်ကို ပိုမိုကြုံတွေ့ရစေသည်။[၅] အကြမ်းဖက်မှုသည် ဦးစားပေး ပြဿနာဖြေရှင်းနည်း ဖြစ်လာသည့်အခါ အမျိုးသားများအနေဖြင့် တိုက်ခိုက်ဖြေရှင်းခြင်းသည်သာ ရွေးချယ်စရာဖြစ်သည်ဟု နားလည်စေခြင်းဖြင့် လူအမှုအသိုင်းအဝိုင်းအတွင်းရှိ အမျိုးသားများ၏ အခန်းကဏ္ဍကို ပိုမိုကျဉ်းမြောင်းလာစေနိုင်သည်။

> ## အားလုံးပါဝင်ဆောင်ရွက်မှုပုံစံဒီဇိုင်း
>
> ဤလမ်းညွှန်ကို စီမံကိန်းမန်နေဂျာများ အသုံးပြုရန်အတွက် ရေးဆွဲထားသော်လည်း ပေးထားသော လမ်းညွှန်မေးခွန်းများက အားလုံးပါဝင်မှုရှိသော ဒီဇိုင်းပုံစံများ၊ သင်တန်းများ ဆောင်ရွက်ရာတွင် ထည့်သွင်းအသုံးပြုနိုင်သည်။ သက်ဆိုင်သူများနှင့် ဆွေးနွေးမှုများ ပြုရာတွင် ဤမေးခွန်းများအား ထည့်သွင်းဆောင်ရွက်ခြင်းက မှားယွင်းသော ထင်မြင်ယူဆချက်များကို ပပျောက်စေပြီး ကျားမရေးရာဆိုင်ရာ တွန်းအားများကို ပိုမိုအားကောင်းစေသည်။

## သဘောတရားမှ လက်တွေ့လုပ်ဆောင်မှုသို့ - အီဂျစ်နိုင်ငံ

အကြမ်းဖက်ပဋိပက္ခတစ်ခု ဖြစ်ပွားပြီးနောက်တွင် အစိုးရတစ်ရပ်မှ အစိုးရသစ်တစ်ရပ်ထံသို့ ငြိမ်းချမ်းသော အာဏာလွှဲပြောင်းမှုလုပ်ငန်းစဉ်ကို ရွေးကောက်ပွဲများက ဖော်ဆောင်နိုင်ပါသည်။ သို့သော်လည်း အမျိုးသမီး မဲဆန္ဒရှင်များသည် အမျိုးသားမဲဆန္ဒရှင်များထက် လေးဆပိုမို အကြမ်းဖက်ခံရကြောင်း လေ့လာမှုများကဆိုသည်။ မဲဆန္ဒရှင်စာရင်းပြုစုနေစဉ် အတောအတွင်း၌လည်းကောင်း၊ မဲရုံများ၌လည်းကောင်း သို့မဟုတ် အခြားသော ပြည်သူ့အရေးဆိုင်ရာ လုပ်ဆောင်မှုများတွင်လည်းကောင်း ယင်းသို့ တိုက်ခိုက်ခံရမှုများ ဖြစ်ပွားခြင်းဖြစ်သည်။[၆] မဲဆန္ဒရှင်များ၊ ကိုယ်စားလှယ်လောင်းများ၊ ရွေးကောက်ပွဲ အရာရှိများ၊ တက်ကြွလှုပ်ရှားသူများ သို့မဟုတ် နိုင်ငံရေးပါတီ ခေါင်းဆောင်များအဖြစ် အမျိုးသမီးများအား ဦးတည်ထားတိုက်ခိုက်ခြင်း ဖြစ်သည်။ အီဂျစ်နိုင်ငံတွင် ၂၀၁၁ ရွေးကောက်ပွဲပြုလုပ်နေစဉ်အတွင်း အချို့သော အမျိုးသမီးများမှာ ၎င်းတို့၏အမျိုးသားများက စေခိုင်းသည့်အတိုင်း မဲမပေးပါက ကွာရှင်းခံရမည်ဟု ခြိမ်းခြောက်ခံခဲ့ကြရသည်။[၇] နိုင်ငံရေးစနစ်တွင် အမျိုးသမီးများနှင့် မိန်းကလေးများ ရင်ဆိုင်နေရသည့်အန္တရာယ်များကို ဖြေရှင်းခြင်းမရှိသော စီမံကိန်းများသည် ဒီမိုကရေစီလုပ်ငန်းစဉ်ကို အဟန့်အတားဖြစ်စေပြီး နိုင်ငံရေးတွင် အမျိုးသမီးများ၏တက်ကြွစွာပါဝင်မှုကိုလည်း စနစ်တကျ တားမြစ်ရာရောက်စေသည်။ ယင်းသို့သော ခြိမ်းခြောက်မှုအမျိုးအစားများက လူမှုအသိုင်းအဝိုင်းတွင် မိမိကိုယ်ကို ယုံကြည်မှု အားနည်းခြင်းကို ဖော်ပြနေသည်။



## သဘောတရားမှ လက်တွေ့လုပ်ဆောင်မှုသို့ - တောင်ဆူဒန်နိုင်ငံ

ပဋိပက္ခများကြောင့် ကျားမရေးရာအခြေပြုတွန်းအားများကို ပြောင်းလဲစေနိုင်သည် သာမက ကျားမရေးရာအခြေပြုတွန်းအားများကလည်း ပဋိပက္ခများကိုဖြစ်ပွား စေနိုင်သည်။ တောင်ဆူဒန်နိုင်ငံ၌ ၂၀၁၃ ခုနှစ် ဒီဇင်ဘာလတွင် ရက်စက်ပြင်းထန်သော ပြည်တွင်းစစ်ဖြစ်ပွားခဲ့ပြီး လေ့လာဆန်းစစ်မှုအများအပြားက နိုင်ငံရေး အကြောင်းတရားများ အပေါ်တွင်များစွာ အဓိကထားခဲ့ကြသည်။ သို့သော်လည်း ပဋိပက္ခများသည် သတို့သားတင်တောင်းရသည့် သတို့သမီးကြေးနှင့် တိုက်ရိုက်ချိတ်ဆက်နေကြောင်း၊ သတို့သားမိသားစု၏ ပိုင်ဆိုင်မှုများသည် သတို့သမီးမိသားစုထံ ရောက်ရှိသွားမှုကြောင့်ဖြစ်ကြောင်း လေ့လာမှုအသစ်တစ်ခုက ရှာဖွေတွေ့ရှိခဲ့သည်။[၈] တိုးတက်များပြားလာသော သတို့သားစရိတ်က လက်ထပ်မှုဈေးကွက်ကို ထိခိုက်စေပြီး အကြမ်းဖက်ပဋိပက္ခများ ဖြစ်နိုင်ချေကို တိုးမြင့်လာစေသည်။ ဥပမာအားဖြင့် စစ်သွေးကြွအုပ်စုများကို ဆက်သွယ်ဝင်ရောက်ခြင်း သို့မဟုတ် ကျွဲနွားများအစုလိုက်အပြုံလိုက် ခိုးယူမှုကျူးလွန်ခြင်းဖြင့် အမျိုးသားများသည် ၎င်းတို့လက်ထပ်ထိမ်းမြားမှုအတွက် လိုအပ်သောငွေကြေးကို ရရှိစေသည်။ တောင်ဆူဒန်နိုင်ငံရှိ ငြိမ်းချမ်းရေးတည်ဆောက်မှုစီမံကိန်းများသည် နိုင်ငံရေးနှင့် အုပ်ချုပ်မှုဆိုင်ရာ အကြောင်းတရားများကိုသာ အဓိကထားဖြေရှင်းပြီး ကျားမရေးရာအခြေပြု တွန်းအားများကို မျက်ကွယ်ပြုခဲ့ပါလျှင် နေ့စဉ်လိုလို ဖြစ်ပွားနေသည့် ကျွဲနွားများအစုလိုက်အပြုံလိုက် ခိုးယူမှုကျူးလွန်ခြင်းကဲ့သို့သော အကြမ်းဖက်မှုများကို မျက်ကွယ်ပြုရာရောက်ပြီး လူမှုအသိုင်းအဝိုင်းများကို ဆက်လက် အတိဒုက္ခရောက်စေမည်ဖြစ်သည်။

## စီမံကိန်းများအတွက် မည်သည့်အတွက်ကြောင့် ကျားမဆန်းစစ်လေ့လာမှု အရေးကြီး ပါသနည်း။

ပဋိပက္ခဆန်းစစ်လေ့လာမှုသည် တင်းမာမှုရင်းမြစ်များကို ပိုမိုနားလည်နိုင်စေရန် အလို့ငှာ ပဋိပက္ခအကြောင်းအရာတစ်ခု၏ တွန်းအားများ၊ ပါဝင်သက်ဆိုင်သူများ၊ ဖွဲ့စည်းပုံများကိုလေ့လာခြင်းဖြစ်သည်။ ပဋိပက္ခဆိုင်ရာ ကျားမရေးရာဆန်းစစ် လေ့လာမှုသည် အမျိုးသားများ၊ အမျိုးသမီးများ၊ မိန်းကလေးများ၊ ယောကျ်ားလေးများကြားရှိ အာဏာဆက်နွယ်မှုများကို လည်းကောင်း၊ အမျိုးမျိုးသော ကဏ္ဍများတွင် ဆုံးဖြတ်ချက်ချမှတ်သောအဆင့်များတွင် ပါဝင်ခြင်း၊ ရင်းမြစ်များကို လက်လှမ်းမီရယူသုံးစွဲနိုင်ခြင်းနှင့် ရင်းမြစ်များကိုထိန်းချုပ်ခြင်း အပါအဝင် အကြမ်းဖက်မှုပဋိပက္ခများကို တွေ့ကြုံခံစားရသော လူမှုအသိုင်းအဝိုင်းတွင်ရှိသော ကျားမရေးရာ ဝိသေသလက္ခဏာများကို လည်းကောင်း ဖော်ထုတ် အဖြေရှာခြင်းဖြစ်သည်။

# ကျားမရေးရာလေ့လာဆန်းစစ်မှုဆိုင်ရာ ချဉ်းကပ်နည်း သုံးသွယ်

ကျားမရေးရာလေ့လာဆန်းစစ်မှုတစ်ခုပြုရာတွင် သက်ဆိုင်သည့် ပတ်ဝန်းကျင်တစ်ခုတွင် ကျားမရေးရာအခြေပြုတွန်းအားများနှင့် စီမံကိန်းဆိုင်ရာ ယုတ္တိတန်မှုရှိ/မရှိကို စစ်ဆေးသင့်သည်။ ဤလမ်းညွှန်တွင် အဖွဲ့အစည်းဆိုင်ရာ၊ လူမှုယဉ်ကျေးမှု ဆိုင်ရာနှင့် ပြုပြင်ပြောင်းလဲမှုဆိုင်ရာ တွန်းအားများကို စစ်ဆေးသော ကျားမရေးရာလေ့လာဆန်းစစ်မှုပြုလုပ်မည့် နည်းလမ်း (၃) မျိုးကို ဖော်ပြထားသည်။



## အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့်လုံခြုံရေး

**အဖွဲ့အစည်းဆိုင်ရာနည်းလမ်း**

အဖွဲ့အစည်းများကို ပြောင်းလဲခြင်း

## ငြိမ်းချမ်းသည့် ဖိုဆန်သောဝိသေသများ

**လူမှုယဉ်ကျေးမှုဆိုင်ရာနည်းလမ်း**

တွေးခေါ်မှုပုံစံများကို ပြောင်းလဲခြင်း

## ဝိသေသလက္ခဏာများကို ပိုင်းခြားသတ်မှတ်ခြင်း

**ပြုပြင်ပြောင်းလဲရေးဆိုင်ရာနည်းလမ်း**

အားလုံးပါဝင်မှုရှိခြင်းကို ပိုမို၍ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ခြင်း

# အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့်လုံခြုံရေး နည်းလမ်း

ဤအဖွဲ့အစည်းဆိုင်ရာနည်းလမ်းက အမျိုးသမီးများနှင့် မိန်းကလေးများအပေါ် ပဋိပက္ခများနှင့် စစ်ပွဲများက မတူကွဲပြားစွာ အကျိုးသက်ရောက်မှုများကို ဖြေရှင်းပေးသည်။ ဤနည်းလမ်းက ငြိမ်းချမ်းရေးတည်ဆောက်ရာတွင် အမျိုးသမီးများ လုပ်ဆောင်လျက်ရှိသော၊ လုပ်ဆောင်နိုင်သော အရေးပါသည့် အခန်းကဏ္ဍကို အလေးထား အသိအမှတ်ပြုသည်။ ငြိမ်းချမ်းရေးရေရှည်တည်တံ့စေရန် ကြိုးစားရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရေး၊ အကြမ်းဖက်မှုပဋိပက္ခများ ကာကွယ်ရေးတို့တွင် အမျိုးသမီးများအား အခြားလုပ်ဖော်ကိုင်ဖက်များနှင့် တန်းတူအခွင့်အရေးပေးပါက ငြိမ်းချမ်းရေးနှင့်လုံခြုံရေးကြိုးပမ်းမှုများ ပိုမိုတည်တံ့ခိုင်မြဲစေသည်ဟု ဤနည်းလမ်းက လက်ခံအသိအမှတ်ပြုသည်။

အမျိုးသမီးများ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များတွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက် ၁၃၂၅ အား အကောင်အထည်ဖော်မှုဆိုင်ရာ သက်သေအထောက်အထားများ ပါဝင်လာပြီး ၎င်းတို့အနေဖြင့်အာဏာရရှိရေးအပေါ် အလေးထား ဆောင်ရွက်မှုနည်းပါးကာ ငြိမ်းချမ်းရေး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် အလွန်အရေးပါသောအချက်များဖြစ်သည့် ရင်ကြားစေ့ရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ ပညာရေးနှင့် အသွင်ကူးပြောင်းချိန် တရားမျှတမှုစသည့်လုပ်ငန်းများအပေါ် ပိုမို အာရုံစိုက်ဆောင်ရွက်ကြကြောင်း ဖော်ပြသည်။[၉] ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် အမျိုးသမီးများ ပါဝင်လာပါက သဘောတူညီချက်များ၏ အနည်းဆုံး ၁၅ နှစ်ခန့် ကြာရှည်ခံနိုင်ခြေရှိရန် ၃၅ ရာခိုင်နှုန်းခန့် ပိုမိုသေချာကြောင်း ငြိမ်းချမ်းရေး သဘောတူညီချက် ၁၅၆ ခုပေါ် လေ့လာချက်တစ်ခုက ဖော်ပြခဲ့သည်။[၁၀] အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးနည်းလမ်းသည် အဆိုပါအသံများကို ပိုမို မြှင့်တင်ပေးသည်။

ဤနည်းလမ်းကို အသုံးပြုရာတွင် ကျားမတန်းတူညီမျှမှုကိုမြှင့်တင်ရန်၊ အစီအစဉ် ရေးဆွဲမှုနှင့် မူဝါဒရလဒ်များတိုးတက်ကောင်းမွန်စေရန် ကျားမရေးရာ ပိုင်းခြား စိတ်ဖြာသော ရှုထောင့်အမြင်များကို ထည့်သွင်းဆောင်ရွက်သင့်သည်။ ဤရှုထောင့် အမြင်များက စီမံကိန်းရေးဆွဲသူများအား အမျိုးသမီးများနှင့် မိန်းကလေးများ၏ အခန်းကဏ္ဍများနှင့် ကွဲပြားခြားနားသောအတွေ့အကြုံများကို ဖြေရှင်းဖော်ထုတ်နိုင် စေသည်။

၂၀၁၇ ခုနှစ် အောက်တိုဘာလ ၆ ရက်နေ့တွင် အမေရိကန်နိုင်ငံ၌ ၂၀၁၇ ခုနှစ် အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးအက်ဥပဒေကို ဥပဒေအဖြစ် အတည်ပြုလက်မှတ်ရေးထိုးခဲ့သည် (Public Law No. 115-58)။ အကြမ်းဖက်ပဋိပက္ခများကို ဖြေရှင်း၊ ကာကွယ်၊ လျှော့ချရန်အတွက် လုံခြုံရေး လုပ်ငန်းစဉ်များနှင့် ငြိမ်းချမ်းရေးလုပ်ငန်းတွင် အမျိုးသမီးများ၏ အဓိပ္ပာယ်ရှိသောပါဝင်ဆောင်ရွက်မှုကို ယင်းဥပဒေက မြှင့်တင်ပေးသည်။ အမေရိကန်အစိုးရ၏လုပ်ဆောင်မှုများဖြစ်သည့် သံတမန်ရေးရာ၊ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ၊ ပဋိပက္ခသက်ရောက်မှုရှိသော ပတ်ဝန်းကျင်များ၌ ကာကွယ်ရေးနှင့်သက်ဆိုင်သောလုပ်ငန်းများ ဆောင်ရွက်ခြင်းများတွင် ကျားမရေးရာရှုမြင် သုံးသပ်ချက်များထည့်သွင်းလုပ်ဆောင်မှုများအပေါ် ကွန်ဂရက်လွှတ်တော်၏ ကြီးကြပ်မှုကို ဤဥပဒေက သေချာစေသည်။



## လမ်းညွှန်မေးခွန်းများ

- မိသားစုအတွင်း၊ လူမှုပတ်ဝန်းကျင်အတွင်းနှင့်/သို့မဟုတ် နိုင်ငံတော်အဆင့် အစိုးရအဖွဲ့အတွင်းရှိ ဆုံးဖြတ်ချက်ချမှတ်သည့် လုပ်ငန်းစဉ်များတွင် အမျိုးသမီးများ မည်သည့်အတိုင်းအတာအထိ ပါဝင်နေပါသနည်း။
- ပုံမှန်နှင့်ပုံမှန်မဟုတ်သော ခေါင်းဆောင်မှုရာထူးများတွင် အမျိုးသမီးများသည် အမျိုးသားများနှင့်တန်းတူညီမျှ ပါဝင်နေပါသလား။
- အမျိုးသမီးများနှင့်အမျိုးသားများတွင် လိင်ပိုင်းဆိုင်ရာနှင့် ကျားမရေးရာ အခြေပြု အကြမ်းဖက်မှုများ ဖြစ်ပွားမှု ပမာဏမည်မျှရှိသနည်း။
- အမျိုးသမီးများသည် ၎င်းတို့၏တစ်ဦးချင်း သို့မဟုတ် မိသားစုဝင်ငွေအား စီမံခန့်ခွဲနိုင်ပါသလား။ အမျိုးသမီးများအနေဖြင့် အမွေဆက်ခံခွင့်၊ မြေယာနှင့် အဆောက်အအုံများ ပိုင်ဆိုင်ခွင့်ရှိပါသလား။
- လွတ်လပ်စွာလှုပ်ရှားဆောင်ရွက်မှု မည်ကဲ့သို့ရှိသနည်း။ အမျိုးသမီးများနှင့် မိန်းကလေးများသည် ၎င်းတို့၏နေ့စဉ် ပုံမှန်ဆောင်ရွက်မှုများထက် ကျော်လွန်ပြီး လွတ်လပ်စွာ လှုပ်ရှားသွားလာနိုင်ပါသလား။

## သဘောတရားမှ လက်တွေ့လုပ်ဆောင်မှုသို့ - နိုင်ဂျီးရီးယားနိုင်ငံ

နိုင်ဂျီးရီးယားနိုင်ငံသည် ၎င်း၏စစ်တပ်ကို အသွင်ကူးပြောင်းခြင်းနှင့် အစွန်းရောက်အုပ်စု ဘိုကိုဟာရမ်အဖွဲ့အား အရှိန်မြှင့်တိုက်ထုတ်ခြင်းတွင် တိုးတက်မှုများရှိခဲ့သော်လည်း တိုက်ခိုက်မှုများကြားတွင် နိုင်ငံသည် နေရပ်စွန့်ခွာရွှေ့ပြောင်းနေထိုင်မှုများစွာနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လိုအပ်ချက်များစွာကို ရင်ဆိုင်နေရသည်။ အေးချမ်းစွာအာဏာလွှဲပြောင်းမှု မှတ်တိုင်တစ်ခုအနေဖြင့် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲမှာ အဓိကအောင်မြင်မှုပြယုဂ်တစ်ခု ဖြစ်ခဲ့သော်လည်း ပိုမိုကောင်းမွန်ပြီး အားလုံးပါဝင်မှုရှိသော အုပ်ချုပ်မှုတစ်ရပ်ဖြစ်စေရေး ဆက်လက်ကြိုးပမ်းရန် လိုအပ်နေသည်။ နိုင်ဂျီးရီးယားနိုင်ငံတွင် ကောင်းမွန်သော အုပ်ချုပ်မှုတစ်ရပ် ရှင်သန် အားကောင်းစေရန် ကြိုးပမ်းနေသည့် ငြိမ်းချမ်းရေး တည်ဆောက်သူများသည် တရားဝင်နှင့် တရားဝင်မဟုတ်သော ခေါင်းဆောင်မှု ရာထူးများတွင် ကျားမကွဲပြားမှုအလိုက် မည်သို့အာဏာခွဲဝေသည်ကို ဂရုတစိုက် စဉ်းစားကြရမည် ဖြစ်သည်။

ဥပမာအားဖြင့် လွှတ်တော်အတွင်း၊ တရားစီရင်ရေး စနစ်များအတွင်း၊ အစိုးရဝန်ကြီးဌာနများအတွင်းတွင် အမျိုးသမီးများ ပါဝင်မှုရှိ/မရှိ၊ အဆိုပါဖွဲ့စည်းပုံများအတွင်းရှိ မည်သည့်အဆင့်များတွင် အမျိုးသမီးများ ပါဝင်နေကြသနည်း။ အမျိုးမျိုးသောအဆင့်များရှိ ဆုံးဖြတ်ချက်ချမှတ်နိုင်သော ရာထူးအဆင့်များတွင် အမျိုးသမီးများပါဝင်မှုနှင့် အရေးကြီးသော အဓိကကိစ္စရပ်များတွင် ၎င်းတို့၏အဆင့်ကို ဆန်းစစ်လေ့လာခြင်းသည် အားလုံးပါဝင်မှုရှိသော အုပ်ချုပ်မှုစီမံကိန်းများအတွက် ဖြစ်နိုင်ဖွယ်ရှိသော အတားအဆီးများကို ဖယ်ရှားပေးနိုင်မည်ဖြစ်သည်။ တရားဝင်ခေါင်းဆောင်မှုအဆင့်များတွင် အမျိုးသမီးများပါဝင်ကိုယ်စားပြုမှု မရှိသေးပါက အမျိုးသမီးများအား တရားဝင်ဖွဲ့စည်းပုံများတွင် ပါဝင်လာစေရေး ရှုမြင်သုံးသပ်မှုများကို ဖြစ်ပေါ်စေနိုင်မည့် ကွန်ရက် သို့မဟုတ် အပြိုင်လုပ်ငန်းစဉ်တစ်ခုကို စီမံကိန်းရေးဆွဲသူများအနေဖြင့် ချမှတ်လိုမည် ဖြစ်သည်။

# ငြိမ်းချမ်းသည့် ဖိုဆန်သောဝိသေသများ နည်းလမ်း

ဤလူမှုယဉ်ကျေးမှုဆိုင်ရာနည်းလမ်းသည် ဖိုဆန်မှုဆိုင်ရာစံနှုန်းများအပေါ် အကြမ်းဖက်မှု၏ သက်ရောက်မှုများနှင့် ပြဿနာများဖြေရှင်းမှုနှင့်စပ်လျဉ်းပြီး အမျိုးသားများနှင့် ယောကျ်ားလေးများ၏ အကြမ်းဖက်မှုများနှင့်အသားကျ သွားမှု အကျိုးဆက်များကို လေ့လာဖော်ထုတ်သည်။[၁၁] ဖိုဆန်မှုဆိုသည်မှာ လူမှုအသိုင်းအဝိုင်းများက အမျိုးသားများနှင့် ယောကျ်ားလေးများထံမှ မျှော်မှန်းထားသည့် အမူအကျင့်များ၊ စိတ်နေသဘောထားများနှင့် တန်ဖိုးများ ဖြစ်သည်။ စစ်ပွဲများတွင် တိုက်ပွဲဝင်ကြသူအများစုမှာ အမျိုးသားများဖြစ်ကြပြီး ငြိမ်းချမ်းရေးရရှိချိန်တွင် အကြမ်းဖက်မှုအများစုကို ယင်းတို့ကပင် ကျူးလွန်ကြသည်။ သို့သော်လည်း အမျိုးသားများမှာ မွေးရာပါ အကြမ်းဖက်သူများ မဟုတ်ကြပေ။[၁၂] ဤနည်းလမ်းတွင် လိင်ပိုင်းဆိုင်ရာနှင့် ကျားမရေးရာ အခြေပြုအကြမ်းဖက်မှုများ အပါအဝင်[၁၃] အကြမ်းဖက်မှုများနှင့် အကြမ်းဖက်မှုပဋိပက္ခများက အမျိုးသားများနှင့် ယောကျ်ားလေးများအပေါ် ကာလရှည်ကြာ ဆိုးကျိုးသက်ရောက်မှုများ ဖြစ်ပေါ်စေပြီး ယင်းကိစ္စကိုဖြေရှင်းရန် လိုအပ်ကြောင်းလက်ခံအသိအမှတ်ပြုထားသည်။

အမျိုးသားများသည် မလွဲကေန် အကြမ်းဖက်မှုကျူးလွန်သူများဖြစ်သည် ဟူသော အယူအဆမှသည် ဖိုဆန်ခြင်းဆိုသည်မှာ လူမှုအသိုင်းအဝိုင်းက ဖန်တီးထားသော အရာသာ ဖြစ်ပြီး ငြိမ်းချမ်းရေးဖော်ဆောင်ရာတွင်လည်း ပါဝင်နိုင်သည်ဟူသော နားလည်သိရှိမှုဆီသို့ ဤငြိမ်းချမ်းသည့် ဖိုဆန်သော ဝိသေသများဆိုင်ရာ နည်းလမ်းက ပြောင်းလဲပေးသည်။ စာသင်ကျောင်းများ၊ နွေရာသီလူငယ်စခန်းများ၊ အသက်မွေးဝမ်းကျောင်း ပညာကျောင်းများရှိ လူငယ် အမျိုးသားများနှင့် လက်တွဲလုပ်ကိုင်ခြင်းဖြင့် လူမှုရေးစံနှုန်းများကို ပြန်လည်ပုံဖော်ပေးရန် လည်းကောင်း၊ ကျားမရေးရာဝိသေသ လက္ခဏာနှင့် လူတစ်ဦးချင်းစီ၏ မတူကွဲပြားသော လိင်ပိုင်းဆိုင်ရာ တိမ်းညွတ်မှုကို လေးစားမှုအပါအဝင် အကြမ်းမဖက်သော ကျားဖြစ်တည်မှုဆိုင်ရာ စိတ်ကူး/အတွေးအခေါ်များကို မြှင့်တင်ရန် လူမှုကွန်ရက်အသုံးပြုပြီး ပြန်လည် ပုံဖော်ရန်လည်းကောင်း ရည်ရွယ်ပြီး ဘော်လ်ကန်ဒေသတွင် ဆောင်ရွက်ခဲ့သည့် လူငယ်အမျိုးသား ရှေ့ဆောင်လှုပ်ရှားမှုကဲ့သို့သော အစီအစဉ်များကို လုပ်ဆောင်ခဲ့ခြင်း ဖြစ်သည်။ ငြိမ်းချမ်းသည့်ဖိုဆန်သော ဝိသေသလက္ခဏာများနည်းလမ်းက အမျိုးသားများအနေဖြင့် အကြမ်းဖက်မှုသည် ၎င်းတို့၏ဖိုဆန်ခြင်းတစ်စိတ်တစ်ပိုင်း ဖြစ်သည်ဟူသော လက်ခံဆောင်ရွက်မှုကို သံသယဖြစ်စေပြီး အကြမ်းဖက်မှုနှင့် အမျိုးသားအဖြစ်ဖြစ်တည်မှုသည် မတူညီကြောင်း နားလည်သိရှိကာ အကြမ်းဖက်မှုများနှင့် မပတ်သက်မိစေရန် ရှောင်ရှားခြင်းကို ဖြစ်ပေါ်စေသည်။ ဤနည်းလမ်းသည် အမျိုးသားများနှင့် ယောကျ်ားလေးများ အရှက်ရစေရန်မဟုတ်ဘဲ အမျိုးသားတစ်ယောက် ဖြစ်ရခြင်း၏ ငြိမ်းချမ်းပြည့်စုံသောအဓိပ္ပာယ်ကို ဖော်ဆောင်ပေးရန်သာ ရည်ရွယ်သည်။[၁၄] ဥပမာအားဖြင့် အမျိုးသားများနှင့် ယောကျ်ားလေးများသည် စိတ်ဒုက္ခကြုံတွေ့ရချိန်တွင် မည်သည့်အတွက်ကြောင့် မိသားစုနှင့် မိတ်ဆွေများထံမှ အကူအညီမတောင်းခံရခြင်းကို စဉ်းစားအဖြေရှာသည်။ အမျိုးသားများနှင့် ယောကျ်ားလေးများ၏ အားနည်းချက်များကို မည်သည့် နည်းလမ်းများဖြင့် ဖြေရှင်းကြသနည်း၊ မီးဖွားချိန်တွင် ဂရုစိုက်ပေးခြင်းကဲ့သို့သော သမားရိုးကျပုံစံများက လိင်ပိုင်းဆိုင်ရာ ခွဲခြားဆက်ဆံခြင်းနှင့် တန်းတူညီမျှမရှိခြင်းကို ပိုမိုဖြစ်ပေါ်စေသည်။ ဤနည်းလမ်းသည် ငြိမ်းချမ်းသည့် ဖိုဆန်မှုဝိသေသများနှင့် ကျားမတန်းတူညီမျှမှုရှိရေးတွင် ရပ်တည်ဆောင်ရွက်ပေးမည့် အမျိုးသားများ ပေါ်ထွန်းလာနိုင်ခြေကို ထောက်ခံအားပေးပါသည်။

# လမ်းညွှန်မေးခွန်းများ

- လူငယ်အမျိုးသားတစ်ယောက်အတွက် လူမှုအသိုင်းအဝိုင်းတစ်ခုတွင် "အရွယ်ရောက်သော အမျိုးသားဖြစ်ပြီ" ဟု သတ်မှတ်ခံရရန် မည်သည့်အချက်နှင့် ပြည့်စုံရမည်နည်း။ မျှော်မှန်းထားချက်များနှင့် လက်တွေ့ဘဝတွင် ကွာဟမှုများရှိပါသလား။
- အကြမ်းဖက်အစွန်းရောက်အုပ်စုများ၊ စစ်သွေးကြွများ၊ သူပုန်အုပ်စုများ အနေဖြင့် အမျိုးသားများအား ၎င်းတို့အဖွဲ့များအတွက် အင်အားစုဆောင်းရန် ကျားမရေးရာ အခြေခံသော မည်သည့် အချက်အလက်စာသားများကို အသုံးပြုကြပါသနည်း။ ယင်းအချက်အလက် စာသားများသည် အမျိုးသမီးများအား အင်အားစုဆောင်းရာတွင် အသုံးပြုသည့် အချက်အလက်စာသားများနှင့် ကွဲပြားမှုရှိပါသလား။
- အကြမ်းဖက်မှုကို အသုံးပြုခြင်းကို အခြေခံသည့် ဖိုဆန်မှု သဘောတရားများ မည်မျှရှိသနည်း။ မည်သည့်နည်းလမ်းများ ရှိသနည်း။
- စေ့စပ်ညှိနှိုင်းခြင်းတွင် အမျိုးသားများက မည်သည့်အချက်များကို အဓိက ဦးစားပေးဆောင်ရွက်သနည်း။ အမျိုးသမီးများ၏ အဓိကဦးစားပေး အချက်များနှင့် မည်သို့ကွာခြားသနည်း။
- မည်သည့်အချက်များတွင် အမျိုးသမီးများ၏ခေါင်းဆောင်မှုနှင့် ကျားမရေးရာ တန်းတူညီမျှမှုကို အမျိုးသားများက ထောက်ခံပြီး မည်သည့်အချက်များတွင် ကန့်ကွက်ပါသနည်း။
- ပဋိပက္ခသက်ရောက်မှုရှိသော အနေအထားများတွင် အမျိုးသမီးများစွမ်းရည်မြှင့်တင်ရေးအတွက် အမျိုးသားများအား တွန်းအားပေးရန် မည်သည့်နည်းဗျူဟာများက အလုပ်ဖြစ်နိုင်သနည်း။

# သဘောတရားမှ လက်တွေ့လုပ်ဆောင်မှုသို့ - တူနီးရှားနိုင်ငံ

တူနီးရှားနိုင်ငံ၏ ဒီမိုကရက်တစ်အသွင်ကူးပြောင်းမှုကို ၂၀၁၁ ခုနှစ် အာရပ်နွေဦး တော်လှန်ရေးကြောင့် အောင်မြင်သည်ဟု ချီးကျူးခံရသော်လည်း တူနီးရှားနိုင်ငံသည် အလွန်ဆိုးရွားသော အလုပ်လက်မဲ့ပြဿနာ၊ အင်အားချိနဲ့သော အဖွဲ့အစည်းများနှင့် အကြမ်းဖက်အစွန်းရောက်များ၏ ခြိမ်းခြောက်မှုများကို ဖြေရှင်းနေရဆဲဖြစ်ပါသည်။ တူနီးရှားနိုင်ငံသည် လက်ရှိတွင် တူနီးရှားလူငယ်များအား အကြမ်းဖက်အစွန်းရောက်အုပ်စုများက အင်အားစုဆောင်းနေခြင်းမှ ကာကွယ်ရန်လုပ်ဆောင်နေရသည်။ အလုပ်လက်မဲ့ပြဿနာကြောင့် မျိုးဆက်သစ်လူငယ်များအနေဖြင့် ရှေးရိုးစွဲအမြင် သဘောထားများကို ပိုမိုလက်ခံရန်အလားအလာရှိနေသည်။ ကြီးကောင်ဝင်မှု သို့မဟုတ် အမျိုးသားဖြစ်မှုဆိုင်ရာ ထုံးတမ်းစဉ်လာနည်းလမ်းများနှင့်စပ်လျဉ်းပြီး မေးခွန်းများ မေးမြန်းခြင်းက အစွန်းရောက်အုပ်စုများ၏ အင်အားစုဆောင်းရာတွင် လူငယ်များအား သွေးဆောင်စည်းရုံးသည့် နည်းဗျူဟာများနှင့် အကြောင်းတရား များကို နားလည်စေရန် ကူညီပေးနိုင်သည်။ ဥပမာ - ယောကျ်ားလေးတစ်ဦး မည်ကဲ့သို့ အမျိုးသားတစ်ဦးဖြစ်လာသနည်း၊ အလုပ်ရရှိမှု သို့မဟုတ် အခြားသူများအား အာဏာပြမှုက ကြီးကောင်ဝင်မှု/အမျိုးသားဖြစ်မှုကို ဖော်ပြပါသလား၊ အလုပ်အကိုင်မရရှိနိုင်ပါက လူငယ်အမျိုးသားများ အနေဖြင့် ဝင်ငွေရရှိရန် မည်သည်တို့ကို လုပ်ဆောင်သနည်း။ အလားအလာရှိသော ကြားဝင်ဆက်နွှယ် ဆောင်ရွက်ခြင်းက အကြမ်းမဖက်သော လူပျိုဖော်ဝင်မှုနည်းလမ်းများကို ဖော်ဆောင်နိုင်မည် ဖြစ်သည်။



# ဝိသေသလက္ခဏာများကို ဆက်နွယ် ပိုင်းခြားသတ်မှတ်ခြင်း

ဤပြုပြင်ပြောင်းလဲရေးဆိုင်ရာနည်းလမ်းက ကျားမရေးရာဝိသေသလက္ခဏာများကို အလွယ်တကူပုံသွင်းနိုင်ကြောင်းနှင့် လူမှုအဖွဲ့အစည်းတစ်ခု၏ ပုံစံများ၊ စံနှုန်းများ၊ စည်းမျဉ်းများက ယင်းဝိသေသလက္ခဏာများကို ဖန်တီးကြောင်း အသိအမှတ်ပြု လက်ခံသည်။ ဤနည်းလမ်းသည် ပြဿနာများကို နည်းလမ်း၊ အမြင်တစ်ခုတည်းဖြင့် ဖြေရှင်း၍မရနိုင်ပဲ မတူညီသောရှုထောင့်မျိုးစုံဖြင့် ဖြေရှင်းရမည်ကို သိရှိနားလည်လျက် လူမှုပတ်ဝန်းကျင်တစ်ခုတွင် ရှိသောတွန်းအားများကို ဆက်စပ်ရှုမြင်သော နည်းလမ်း ဖြစ်သည်။

ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ချင်းစီတွင် ကျားမရေးရာ ဝိသေသလက္ခဏာများရှိသည်။ လူပုဂ္ဂိုလ်တစ်ဦး၏ အသက်အရွယ်၊ အိမ်ထောင်ရှိ/မရှိ၊ လူမျိုး၊ ကျား/မဖြစ်တည်မှု၊ အဆင့်အတန်း၊ ဇာတ်နိမ့်ဇာတ်မြင့်ဖြစ်မှု၊ တိုင်းရင်းသားဖြစ်မှု၊ ကိုးကွယ်သည့်ဘာသာ၊ အရည်အချင်း စသည့်အချက်များက လူမှုအဖွဲ့အစည်းတွင် ၎င်းတို့တွေ့ကြုံခံစားရမှုများ အပေါ် အကျိုးသက်ရောက်မှုရှိကြောင်းကို ထည့်သွင်းစဉ်းစားရန် အရေးကြီးသည်။ လူပုဂ္ဂိုလ်တစ်ဦး၏ ဖယ်ကျဉ်ခံထားရသော ဝိသေသလက္ခဏာများသည် တုံ့ပြန်သက်ရောက်မှုရှိပြီး သီးခြားထားရှိခြင်းဖြင့် နားလည်မည်မဟုတ်ဟူသည့် သဘောတရား ဆက်နွယ်ပိုင်းခြား သတ်မှတ်မှုမူဘောင်မှ ဤနည်းလမ်းကို ထုတ်ဖော်ရေးဆွဲထားခြင်းဖြစ်သည်။[၁၅] မတူညီသောအတွေ့အကြုံ များ၏ အရေးပါမှုကိုနားလည်လျက် လူမှုအသိုင်းအဝိုင်းတစ်ခု အတွင်း အာဏာ အခြေပြုသောတွန်းအားများနှင့် ဆက်ဆံရေးများ၊ ရင်းမြစ်များ၊ လုပ်ရှားမှုများနှင့် အခြားသောအချက်များအပေါ်ထိန်းချုပ်ရန်အတွက် ပက်သက်ဆက်နွယ်မှုများကို ဤနည်းလမ်းက ဆန်းစစ်လေ့လာသည်။

လူမှုစံနှုန်းများ အထူးသဖြင့် လူမှုအဖွဲ့အစည်းတစ်ခုက သင့်လျော်သည် သို့မဟုတ် ဆန္ဒရှိသည်ဟု သတ်မှတ်သော အမျိုးသားနှင့် အမျိုးသမီးများ၏ မျှော်မှန်းချက်များနှင့် အခန်းကဏ္ဍများသည် အများအားဖြင့် ပြောင်းလဲရန် ခက်ခဲသည်။[၁၆] ပေးထားသောအခြေအနေတစ်ခုတွင် လူပုဂ္ဂိုလ်တစ်ဦး၏ မတူညီသောဝိသေသလက္ခဏာများက ၎င်းတို့၏ သြဇာလွှမ်းမိုးနိုင်မှုနှင့် အာဏာအပေါ် မည်သို့အကျိုးသက်ရောက်မှုရှိသည်ကို ပိုမိုနားလည်စေရန် လည်းကောင်း၊ ၎င်းတို့၏ နစ်နာချက်များကို လူမှုအဖွဲ့ အစည်းက မည်ကဲ့သို့ ဖြေရှင်းပေးမည် (သို့မဟုတ်) မဖြေရှင်းမည်ကို ပိုပိုနားလည် စေနိုင်ရန်လည်းကောင်း ဤနည်းလမ်းက ကြိုးပမ်းဖော်ထုတ်ပေးသည်။ အာဏာ အခြေခံသောတွန်းအားများကို နားလည်ခြင်းအားဖြင့် ဝိသေသလက္ခဏာများကို ဆက်နွယ်ပိုင်းခြားသတ်မှတ်သော နည်းလမ်းသည် မညီမျှမှုကို ဖြစ်ပေါ်စေသော သို့မဟုတ် တည်တံ့ခိုင်မြဲစေသော လူမှုအသိုင်းအဝိုင်းဆိုင်ရာစံနှုန်းများ အထူးသဖြင့် ကျားမရေးရာအခြေပြု တန်းတူညီမျှမှုမရှိခြင်းကို ဖြေရှင်းရာတွင် အကူအညီ ဖြစ်စေသည်။

## လမ်းညွှန်မေးခွန်းများ

- မိသားစုအဆင့်၊ လူမှုပတ်ဝန်းကျင်အဆင့်၊ နိုင်ငံတော်အဆင့် ဖွဲ့စည်း တည်ဆောက်ပုံများက အကြမ်းဖက်မှုကိုပံ့ပိုးပေးသည့် စံနှုန်းများကို စိန်ခေါ်မှု (သို့မဟုတ်) အားပေး အားမြှောက်ဖြစ်စေပါသလား။
- အမျိုးသားများ၊ အမျိုးသမီးများ၊ မိန်းကလေးများနှင့် ယောကျ်ားလေးများနှင့် သက်ဆိုင်သည့် စံနှုန်းများနှင့် သဘောထားများကို မီဒီယာများက မည်ကဲ့သို့ ဖော်ပြပါသနည်း။ မီဒီယာပေါ်တွင် လိင်မှုဆိုင်ရာနှင့် ကျားမရေးရာ အခြေပြုလူနည်းစုသူများအကြောင်းကို ဖော်ပြပါသလား။
- အမျိုးသားများနှင့် အမျိုးသမီးများ၏ တရားဝင်မဟုတ်သော အခန်းကဏ္ဍများက ပဋိပက္ခဖြစ်စေရန်ပံ့ပိုးမှုကို မည်သို့ထိန်းချုပ်ထား သနည်း။

- အမျိုးသမီးများ၊ အမျိုးသားများ၊ လိင်ပိုင်းဆိုင်ရာနှင့် ကျားမရေးရာအခြေပြု လူနည်းစုများအနေဖြင့် ကျားမရေးရာစံနှုန်းများကို လိုက်နာလေးစားခြင်း မပြုပါက မည်သို့ဖြစ်မည်နည်း။ အစဉ်အလာကိုလိုက်နာ ကျင့်သုံးမှုမရှိသည့် မည်သည့်ကိစ္စရပ်များကို လက်ခံနိုင်မှု အနည်းဆုံးနည်း။
- တရားဝင်ဖြစ်စေ၊ တရားမဝင်ဖြစ်စေ မည်သည့်တည်ဆဲဥပဒေများနှင့် အလေ့အထများက ကျားမရေးရာအခြေပြုခွဲခြားဆက်ဆံခြင်းကို ဖြစ်ပေါ်စေသနည်း သို့မဟုတ် ကျားမရေးရာအခြေပြုခွဲခြားဆက်ဆံရန် မည်သည့် တည်ဆဲ ဥပဒေများနှင့် အလေ့အထများကို အသုံးပြုနိုင်သနည်း။

## သဘောတရားမှ လက်တွေ့လုပ်ဆောင်မှုသို့ - ယူကရိန်းနိုင်ငံ

၂၀၁၄ ခုနှစ်တွင် ကရိုင်းမီးယားဒေသကို ရုရှားကတိုက်ခိုက်သိမ်းပိုက်ချိန်မှ စတင်ခဲ့သော အရှေ့နှင့်အနောက်အကြား နှစ်ပိုင်းကွဲမှုကို ကုစားနိုင်ခြင်းမရှိပါက ဒီမိုကရေစီ သက်တမ်းနုသေးသော ယူကရိန်းနိုင်ငံသည် ဆူပူအုံကြွမှုများ၊ ပဋိပက္ခများနှင့် ရင်ဆိုင်နေရဦးမည်ဖြစ်သည်။ ယူကရိန်းနိုင်ငံသည် လတ်တလောနှစ်များအတွင်း ၎င်းတို့၏နေအိမ်များကို စွန့်ခွာထွက်ပြေးခဲ့ရသော ပြည်တွင်းနေရပ်စွန့်ခွာ ထွက်ပြေးသူများစွာကို ပေါင်းစည်းရန် ကြိုးစားရန်းကန်ခဲ့ရသည်။ ၎င်းတို့ရောက်ရှိနေသည့် လူမှုပတ်ဝန်းကျင်အသစ်များတွင် စီးပွားရေးနှင့် ပေါင်းစည်းရေးဆိုင်ရာ အခွင့်အလမ်းများကို အမျိုးသားများက ပိုမိုရရှိမည်ဟု ကနဦးတွင် ယူဆနိုင် သော်လည်း အများစုမှာ နေရပ်စွန့်ခွာ ထွက်ပြေးခဲ့ရချိန်မှစတင်ပြီး သေချာခိုင်မာသော အလုပ်အကိုင်များ ရရှိရန်ခက်ခဲခြင်း၊ ယခင်ကကဲ့သို့သော ရာထူးကြီးနေရာများ မရရှိခြင်းများနှင့် တွေ့ကြုံရသည်။ သေသေချာချာလေ့လာဆန်းစစ်မှုပြုလုပ် ပြီးနောက်တွင် ဒေသအခြေခံအမျိုးသားများ၏ ဝိသေသလက္ခဏာများ (အရှေ့ယူကရိန်းသားများဖြစ်ခြင်း) သို့မဟုတ် ဘာသာစကားတတ်ကျွမ်းနားလည်မှု (ရုရှားစကားနှင့် ယူကရိန်းစကားပြောနိုင်ခြင်း) စသည့်အချက်များသည် လူမှုပတ်ဝန်းကျင်အသစ်တွင် လိုက်လျောညီထွေဖြစ်နိုင်မည့် အခွင့်အလမ်းများအပေါ် အကျိုးသက်ရောက်မှုရှိကြောင်းကို နားလည်ရန် အလွန်အရေးကြီးသည်။ အပြန်အလှန်အားဖြင့် စီးပွားရေးအခွင့်အလမ်းများနှင့် ကျောင်းများ၊ ဈေးများစသည့် လူမှုပတ်ဝန်းကျင်တွင်ဝင်ဆံ့မှုကို အမျိုးသမီးများအနေဖြင့် ပိုမိုရရှိနိုင်သည်ကိုတွေ့ရသည်။



နေရပ်စွန့်ခွာထွက်ပြေးသူများထံတွင်ရှိသည့် ဝိသေသလက္ခဏာများကို လည်းကောင်း၊ အမျိုးသားများ၊ အမျိုးသမီးများလက်ခံထားသည့် တရားဝင်နှင့် တရားဝင်မဟုတ်သော အခန်းကဏ္ဍများအပေါ် ယင်းဝိသေသလက္ခဏာများ၏ အကျိုးသက်ရောက်မှုများကို လည်းကောင်း နားလည်ထားမည်ဆိုပါက အဆိုပါ နေရပ်စွန့်ခွာသူများနှင့် ဆောင်ရွက်ရသည့် ငြိမ်းချမ်းရေးတည်ဆောက်ရေး စီမံကိန်းများအတွက် အကျိုးရှိမည်ဖြစ်သည်။ အမျိုးသားများထံတွင် ပြင်ပထပ်တိုးဖိအားများ ရှိနေခြင်းနှင့် နိုင်ငံအရှေ့ခြမ်းတွင် ဖြစ်ပွားနေသော ပဋိပက္ခများ ဖြေရှင်းရန်မကြိုးစားမှုအတွက် အပြစ်ရှိသည်ဟု ခံစားနေခြင်းကို နားလည်လျှင် စီမံကိန်းများအလုပ်ဖြစ်ပါမည်။ ယင်းသို့သော ဖိအားများအောက်တွင် အလုပ်လုပ်ရခြင်းက ၎င်းတို့၏လူမှုပတ်ဝန်းကျင်နှင့် ထိတွေ့ဆက်ဆံမှုပြုရန် အခွင့်အလမ်းသစ်များကို ဖော်ထုတ်ပြသနိုင်မည်ဖြစ်သည်။

# ကျားမအခြေပြုလေ့လာဆန်းစစ်မှုဖြင့် ဆက်လက် ဆောင်ရွက်ခြင်း

စီမံကိန်းပန်းတိုင်နှင့် ရည်မှန်းချက်များက ကျားမရေးရာအခြေပြုပြဿနာများကို ဖြေရှင်းခြင်းရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ပေးထားသော အခြေအနေတစ်ခုတွင် စီမံကိန်းပုံစံများရေးဆွဲရာတွင် ကျားမရေးရာအခြေပြုတွန်းအားများကို အစဉ်အမြဲ ထည့်သွင်းစဉ်းစားသင့်သည်။ ပဋိပက္ခများရှိနေသည့်အခြေအနေများတွင် ကျားမရေးရာများကို ဆန်းစစ်လေ့လာနိုင်ရန်အတွက် နည်းလမ်းသုံးသွယ်ကို အကြံပြုထားသည်။ ပြဿနာများကို အမျိုးသမီးများသီးသန့် သို့မဟုတ် အမျိုးသားများ သီးသန့် ရှုထောင့်များမှရှုမြင်ခြင်းမှသည် လူမှုပတ်ဝန်းကျင် (နှင့်/သို့မဟုတ်) လူမှုအသိုင်းအဝိုင်းတစ်ခုတွင် ကျားမရေးရာအခန်းကဏ္ဍများကို ဆန်းစစ်လေ့လာမှုအထိ အဓိကထားသည့်အချက်ပေါ်မူတည်ပြီး နည်းလမ်းများကွဲပြားသွားသည်။

စီမံကိန်းတစ်ခုတွင် နည်းလမ်းတစ်မျိုး သို့မဟုတ် တစ်မျိုးထက်ပို၍လည်း အသုံးပြုနိုင်သည်။ စီမံကိန်းဝန်ထမ်းများအနေဖြင့် အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေး နည်းလမ်းဖြင့် စတင်ဆောင်ရွက်နိုင်သည်။ သို့သော်လည်း ဝိသေသလက္ခဏာများကို ဆက်နွယ်ပိုင်းခြားသတ်မှတ်ခြင်းနည်းလမ်းက ထပ်တိုး အကျိုးကျေးဇူးများကို ရရှိစေသည်။ အသုံးပြုရန်နည်းလမ်းကို ဆုံးဖြတ်ချိန်တွင် စီမံကိန်းဆိုင်ရာပန်းတိုင်များနှင့် ရည်မှန်းချက်များ၊ အခြေအနေအလိုက် လူမှုယဉ်ကျေးမှုဆိုင်ရာတွန်းအားများကို ထည့်သွင်းစဉ်းစားရန် အရေးကြီးသည်။ ထပ်တိုးရရှိမည့်တန်ဖိုးအလိုက် နည်းလမ်းတစ်ခုစီကို စီမံကိန်းတွင် အသုံးချနိုင်သည်။ များသောအားဖြင့် နည်းလမ်းတစ်ခုသည် အခြားသော နည်းလမ်းထက် ပိုမိုသင့်လျော်နိုင်သည်။ ငြိမ်းချမ်းရေးတည်ဆောက်ခြင်းသည် အစဉ်အမြဲ အခြေအနေပေါ် မူတည်နေသည်။

မည်သည့်နည်းလမ်းက အကောင်းဆုံးဖြစ်သည်ဟူသော စည်းကမ်းသတ်မှတ်ချက် မရှိပါ။ သို့ရာတွင် ဤနည်းလမ်းများကို အသုံးပြုပြီး ကျားမရေးရာအခြေပြု တွန်းအားများကို ဆန်းစစ်လေ့လာမှုပြုခြင်း၊ မေးခွန်းများမေးမြန်းခြင်းတို့ဖြင့် စတင်ခြင်းအားဖြင့် စီမံကိန်းရေးဆွဲသူများသည် စီမံကိန်းပုံစံများကို အားကောင်း ခိုင်မာစေပြီး စီမံကိန်းပန်းတိုင်ရောက်ရှိအောင်မြင်မည့် ဖြစ်တန်ချေကိုလည်း တိုးမြှင့်ပေးနိုင်သည်။

ကျားမအခြေပြုလေ့လာဆန်းစစ်မှုဖြင့်
ဆက်လက် ဆောင်ရွက်ခြင်း

# ကိုးကားစာရွက်စာတမ်းများ


၁ Nora Dudwick and Kathleen Kuehnast, “Gender and Fragility: Ensuring a Golden Hour,” Fragility Study Group Policy Brief no. 8 (Washington DC: US Institute of Peace, November 2016), www.usip.org/publications/2016/11/gender-and-fragility-ensuring-golden-hour.

၂ Marie Berry, “Barrier to Women’s Progress After Atrocity: Evidence from Rwanda and Bosnia-Herzegovina,” *Gender & Society* 31, no. 6 (2017): 830–853, doi.org/10.1177/0891243217737060

၃ Gender mindset is a term USIP uses to describe this social phenomenon.

၄ Catholic Relief Services, “Peacebuilding, Governance, Gender, Protection and Youth Assessments: A Basic Guide for Busy Practitioners,” 3rd ed. (Baltimore: Catholic Relief Services, 2017), www.ics.crs.org/resource/peacebuilding-governance-and-gender-assessments-basic-guide-busy-practitioners.

၅ Kathleen Kuehnast, Chantal de Jonge Oudraat, and Helga Hernes, ed., *Women and War: Power and Protection in the 21st Century* (Washington DC: US Institute of Peace, 2011).

၆ Gabrielle Bardall, “Breaking the Mold: Understanding Gender and Electoral Violence,” White Paper Series (Washington DC: IFES, December 2011), ifes.org/sites/default/files/gender_and_electoral_violence_2011.pdf.

၇ Sean Dunne et al., “Final Report of The Carter Center Mission to Witness the 2011–2012 Parliamentary Elections in Egypt” (Atlanta: Carter Center, 2012), www.cartercenter.org/resources/pdfs/news/peace_publications/election_reports/egypt-2011-2012-final-rpt.pdf.

၈ Valerie Hudson and Hilary Matfess, “In Plain Sight: The Neglected Linkage between Brideprice and Violent Conflict,” *International Security* 42, no. 1 (2017): 7–40, doi.org/10.1162/ISEC_a_00289.

၉ Marie O’Reilly, “Why Women? Inclusive Security and Peaceful Societies” (Washington DC: Inclusive Security, October 2015), www.inclusivesecurity.org/wp-content/uploads/2015/10/Why-Women-Brief-10.12.15.pdf.

၁၀ Marie O’Reilly, Andrea Ó Súilleabháin, and Thania Paffenholz, “Reimagining Peacemaking: Women’s Roles in Peace Processes” (New York: International Peace Institute, June 2015), www.ipinst.org/wp-content/uploads/2015/06/IPI-E-pub-Reimagining-Peacemaking-rev.pdf.

၁၁ Joseph Vess et al., “The Other Side of Gender: Men as Critical Agents of Change,” Special Report 340 (Washington DC: US Institute of Peace, December 2013), www.usip.org/publications/2013/12/other-side-gender.

၁၂ Gary Barker et al., “Evolving Men: Initial Results from the International Men and Gender Equality Survey (IMAGES)” (Washington, DC, and Rio de Janeiro: International Center for Research on Women and Instituto Promundo, 2011), http://promundoglobal.org/wp-content/uploads/2014/12/Evolving-Men-Initial-Results-from-IMAGES.pdf.

၁၃ Dara Kay Cohen, Amelia Hoover Green, and Elisabeth Jean Wood, “Wartime Sexual Violence: Misconceptions, Implications and Ways Forward,” Special Report 323 (Washington DC: US Institute of Peace, February 2013).

၁၄ Kimberly Theidon, “Reconstructing Masculinities: The Disarmament, Demobilization, and Reintegration of Former Combatants in Colombia” *Human Rights Quarterly* 31, no. 1 (2009): 1–34, doi.org/10.1353/hrq.0.0053.

၁၅ Kimberle Crenshaw, “Demarginalizing the Intersection of Race and Sex: A Black Feminist Critique of Antidiscrimination Doctrine, Feminist Theory, and Antiracist Politics,” University of Chicago Legal Forum 1989, no. 1, article 8, http://chicagounbound.uchicago.edu/uclf/vol1989/iss1/8.

၁၆ Charlotte Watson, Hannah Wright, and Hesta Groenewald, “Toolkit: Gender Analysis of Conflict” (Saferworld, 2016), www.saferworld.org.uk/resources/publications/1076-gender-analysis-of-conflict.

## အားလုံးပါဝင်မှုရှိသော ကျားမရေးရာ မူဘောင်နှင့် သဘောတရား

အားလုံးပါဝင်မှုရှိသော ကျားမရေးရာ မူဘောင်နှင့် သဘောတရားလမ်းညွှန် (GIFT) သည် စီမံကိန်းဒီဇိုင်းများရေးဆွဲရာတွင် ကျားမရေးရာ ဆန်းစစ်လေ့လာမှုကို ထည့်သွင်းဆောင်ရွက်နိုင်ရန် ထောက်ပံ့ပေးသော၊ လုပ်ဆောင်ရလွယ်ကူပြီး စေ့စပ်သေချာသော စနစ်တစ်ခုဖြစ်ပါသည်။ ငြိမ်းချမ်းရေးတည်ဆောက်ခြင်းသည် အခြေအနေအပေါ် မူတည်နေသည့်အတွက် အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးနည်းလမ်း၊ ငြိမ်းချမ်းသောဖိုဆန်သည့်နည်းလမ်း၊ ဝိသေသလက္ခဏာများကို ဆက်နွယ် ပိုင်းခြားသတ်မှတ်ခြင်းနည်းလမ်း စသည်ဖြင့် ကျားမ ဆန်းစစ်လေ့လာမှု ဆိုင်ရာ နည်းလမ်း (၃) မျိုးကို ဤလမ်းညွှန်တွင် ဖော်ပြထားပြီး ပိုမိုကောင်းမွန်သော ငြိမ်းချမ်းရေးတည်ဆောက်မှု စီမံကိန်းများကို ဖော်ဆောင်နိုင်ရန်အတွက် ပေးထားသော အခြေအနေပတ်ဝန်းကျင်တစ်ရပ်တွင် ကျားမရေးရာအခြေပြုတွန်းအားများကို ယင်းနည်းလမ်းတစ်ခုစီက ပိုမိုဖော်ဆောင်ပေးနိုင်သည်။

## အမေရိကန်ငြိမ်းချမ်းရေးအင်စတီကျုအကြောင်း

အမေရိကန်ငြိမ်းချမ်းရေးအင်စတီကျုသည် အမေရိကန်လွှတ်တော် (ကွန်ဂရက်) က ရန်ပုံငွေထောက်ပံ့ထားသော လွတ်လပ်၍ အမှီအခိုကင်းသည့် အဖွဲ့အစည်းတစ်ခုဖြစ်သည်။ အမေရိကန်နိုင်ငံနှင့် ကမ္ဘာ့လုံခြုံရေးအတွက် အရေးပါပြီး၊ လက်တွေ့ကျသော၊ အကြမ်းဖက်မှု ပဋိပက္ခများမရှိသည့် ကမ္ဘာကြီးဖြစ်ပေါ်စေရန် ဆောင်ရွက်လျက်ရှိပါသည်။ ပဋိပက္ခများအား သွေးထွက်သံယို အခြေအနေသို့မပြောင်းလဲစေရန် ကာကွယ်တားဆီးရေးနှင့် သွေးထွက်သံယိုမှုများ ဖြစ်ပွားပါကလည်း အဆုံးသတ်နိုင်ရေးအတွက် ပဋိပက္ခဖြစ်ပွားရာဒေသများတွင် ဒေသခံမိတ်ဖက်အဖွဲ့များနှင့်အတူ ပူးပေါင်း လုပ်ဆောင်ခြင်းဖြင့် အမေရိကန်ငြိမ်းချမ်းရေးအင်စတီကျုသည် ယင်း ရည်မှန်းချက်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ငြိမ်းချမ်းရေး တည်ဆောက်မှုကိုလုပ်ဆောင်နေသည့် အစိုးရများ၊ အဖွဲ့အစည်းများ၊ ပြည်သူလူထုအား သင်တန်းများပို့ချပေးခြင်း၊ ဆန်းစစ်လေ့လာသုံးသပ်ချက်များ ပြုလုပ်ပေးခြင်းနှင့် အခြားသော ရင်းမြစ်အထောက်အကူများကို အမေရိကန်ငြိမ်းချမ်းရေးအင်စတီကျုက ပံ့ပိုးပေးလျက်ရှိပါသည်။


United States Institute of Peace
Making Peace Possible

2301 Constitution Avenue NW
Washington, DC 20037
202.457.1700
www.USIP.org